အမေရိကန် တရားရေးဌာန
နိုင်ငံသားအခွင့်အရေးဌာနခွဲ
လူဝင်မှုကြီးကြပ်ရေးနှင့် ဝန်ထမ်းအခွင့်အရေး အပိုင်း

# ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအတွက် Form I-9 **နှင့်ပတ်သက်၍ သိကောင်းစရာများ**

အမေရိကန်ပြည်ထောင်စုတွင် အလုပ်သမားတစ်ဦးအဖြစ် အလုပ်တစ်ခုစတင်လုပ်ကိုင်သူတိုင်း လုပ်ငန်းရှင်များမှ သင်၏အထောက်အထားနှင့် အလုပ်လုပ်ရန်ခွင့်ပြုချက်ကို အတည်ပြုရန်အသုံးပြုမည့် အစိုးရဖောင်ပုံစံတစ်ခုဖြစ်သည့် Form I-9 ကို ဖြည့်စွက်ရမည်ဖြစ်သည်။

ဤစာရွက်စာတမ်းသည် ခိုလှုံခွင့်တောင်းခံသူနှင့် ဒုက္ခသည်များဖြစ်သည့် သင်တို့အား Form I-9 ဖြည့်စွက်ခြင်းနှင့် ဤလုပ်ငန်းစဉ်ရှိ သင်တို့၏ အခွင့်အရေးများကို သိရှိစေခြင်းတို့ကို ကူညီပေးနိုင်ရန် ရည်ရွယ်ပါသည်။ Form I-9 လုပ်ငန်းစဉ်အတွင်း လုပ်ငန်းရှင်များက သင့်အား သင်၏ နိုင်ငံသားဖြစ်မှု၊ လူဝင်မှုကြီးကြပ်ရေး အခြေအနေ သို့မဟုတ် မူရင်းနိုင်ငံပေါ်အခြေခံ၍ ခွဲခြားဆက်ဆံပါက လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားအက်ဥပဒေ (Immigration and Nationality Act, INA) ကို ချိုးဖောက်ခြင်းဖြစ်သည်။အဆိုပါ ခွဲခြားဆက်ဆံမှုပပျောက်ရေး ဥပဒေကို 8 U.S.C § 1324b တွင် တွေ့နိုင်သည်။

**Form I-9 ၏ Section 1 အတွက် သင့်အကြောင်းအချက်အလက်များ ထည့်သွင်းပါ။**
Form I-9 ၏ Section 1 တွင် သင့်အမည်နှင့် သင့်အကြောင်းအခြားအချက်အလက်များ ထည့်သွင်းပါ။ အဆိုပါကဏ္ဍကို ဖြည့်စွက်ရန် တစ်ယောက်ယောက်အား သင်အကူအညီတောင်းခံနိုင်သည်။သင့်ကိုအလုပ်လုပ်ခွင့်ပြုသော အခြေအနေကို ပြသည့် အကွက်တွင် အမှတ်ခြစ်ရမည်။ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများကို “aliens authorized to work” (အလုပ်လုပ်ခွင့်ရှိသည့် နိုင်ငံခြားသားများ) ဟု သတ်မှတ်ထားသောကြောင့် ဤအကွက်ကို အမှတ်ခြစ်ပါ။ ဤအကွက်ဘေးတွင် သက်တမ်းကုန်ဆုံးရက်အတွက် နေရာတစ်ခုရှိသည်။ သင်၏အလုပ်လုပ်ပိုင်ခွင့် သက်တမ်းမကုန်ဆုံးသေးသောကြောင့် သက်တမ်းကုန်ဆုံးရက်အတွက် နေရာတွင် (“မသက်ဆိုင်” ပါဟု ဆိုလိုသည့်) “N/A” ကို ရေးပါ။

**Form I-9 ၏ Section 2 အတွက် သင့်အလုပ်ရှင်အား သင့်အထောက်အထားနှင့် အလုပ်လုပ်ရန်ခွင့်ပြုချက်ကို ပြသသည့် စာရွက်စာတမ်းကို ပြပါ။**
Form I-9 တွင် Form I-9 ၏ Section 2 အတွက် သင်ပြသနိုင်သည့် စာရွက်စာတမ်းစာရင်းသုံးခုရှိသည် - List A (သင်၏အထောက်အထားနှင့် အလုပ်လုပ်ရန်ခွင့်ပြုချက်ကိုပြသည့် စာရွက်စာတမ်းများ)၊ List B (သင့်အထောက်အထားကိုပြသည့် စာရွက်စာတမ်းများ)၊ နှင့် List C (သင်၏အလုပ်လုပ်ရန် ခွင့်ပြုချက်ကိုပြသည့် စာရွက်စာတမ်းများ)။ သင်သည် သင်၏အလုပ်ရှင်အား List A စာရွက်စာတမ်းတစ်ခုကိုဖြစ်စေ၊ List B စာရွက်စာတမ်းတစ်ခုနှင့် List C စာရွက်စာတမ်းတစ်ခုကို ပေါင်း၍ဖြစ်စေ ပြသနိုင်သည်။ Form I-9 instructions (Form I-9 ညွှန်ကြားချက်များအရ) Form I-9 အတွက် receipts (ပြေစာများ) ဟု ခေါ်သည့် စာရွက်စာတမ်းအချို့ကိုလည်း မတူညီသောအချိန်ကာလအမျိုးမျိုးအတွက် လက်ခံပေးနိုင်ပါသည်။

သင်သည် Form I-9 Lists of Acceptable Documents (Form I-9 လက်ခံနိုင်သော စာရွက်စာတမ်းများစာရင်း) မှ သင်ပြသလိုသော လက်ခံနိုင်သည့် စာရွက်စာတမ်းကို ရွေးချယ်ခွင့်ရှိပါသည်။ သင့်အလုပ်ရှင်က သင်၏ ခိုလှုံခွင့်တောင်းခံသူ သို့မဟုတ် ဒုက္ခသည်တစ်ဦးဖြစ်သည့် အခြေအနေ သို့မဟုတ် သင်၏မူရင်းနိုင်ငံပေါ်အခြေခံ၍ သတ်မှတ်စာရွက်စာတမ်းတစ်ခုခုကို ပြသရန် တောင်းခံပိုင်ခွင့်မရှိပါ၊ သတ်မှတ်စာရွက်စာတမ်းများကို ပြသရန်လိုအပ်သည့်အလုပ်ရှင်မှာ ခွဲခြားဆက်ဆံ၍ ဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်။ ဥပမာ သင့်တွင် အလုပ်အကိုင်ခွင့်ပြုချက်စာရွက်စာတမ်း (Employment Authorization Document, EAD) တစ်ခုရှိနေသော်လည်း သင်သည် အဆိုပါစာရွက်စာတမ်းအစား နိုင်ငံမှထုတ်ပေးထားသည့် အထောက်အထား (List B စာရွက်စာတမ်းတစ်ခု) နှင့် ကန့်သတ်မထားသော လူမှုဖူလုံရေးကတ် (List C စာရွက်စာတမ်းတစ်ခု) ကဲ့သို့ (အခြားစာရွက်စာတမ်းတစ်ခုကို ပြရန် ဆုံးဖြတ်နိုင်သည်။

**သင့်တွင် လက်ခံနိုင်သော Form I-9 စာရွက်စာတမ်း အမျိုးအစား များစွာရှိနိုင်သည်။**
သင်သည် Form I-9 အတွက် I-94 တစ်ခုကို ပြသနိုင်သည်။ သင်သည် သင်၏ I-94 ကတ်ကို သို့မဟုတ် သင်၏ I-94 ကို Customs and Border Protection (အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေး) ဝဘ်ဆိုဒ်မှ ရယူနိုင်ပါသည် သို့မဟုတ် ပရင့်ထုတ်ယူနိုင်ပါသည်။ သင်သည် ဒုက္ခသည် တစ်ဦးဖြစ်လျှင် သင်၏ I-94 သည် ပြေစာဖြစ်ပြီး သင်ပထမဆုံးအလုပ်လုပ်သည့်နေ့မှ ရက်ပေါင်း 90 အကျုံးဝင်သော List A စာရွက်စာတမ်းအတွက်ဖြစ်သည်။ ရက် 90 ကြာပြီးနောက် သင်သည် သင့်အလုပ်ရှင်အား EAD ဖြစ်စေ၊ List B စာရွက်စာတမ်းနှင့် ကန့်သတ်မထားသော လူမှုဖူလုံရေးကတ် ကို ပေါင်းစပ်၍ဖြစ်စေ ပြသရပါမည်။

သင်သည် ခိုလှုံခွင့်တောင်းခံသူ တစ်ဦးဖြစ်ပါက သင်၏ I-94 ကို သက်တမ်းကုန်ဆုံးခြင်းမရှိသော အမြဲတမ်း List C စာရွက်စာတမ်း တစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။

နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများနှင့် ဒုက္ခသည်များသည် EADs များအတွက် သတ်မှတ်ချက်ကိုက်ညီပါသည်။ သင်၏ EAD သည် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သော်လည်း သင်သည် သင်၏ EAD ကို အသစ်ပြန်လျှောက်ထားပြီးဖြစ်ပါက သင်သည် သင်၏ လက်ရှိ EAD နှင့် ဆက်လက်အလုပ်လုပ်နိုင်မည်ဖြစ်သည်။ သင်၏ EAD သက်တမ်းကုန်ဆုံးရက်မှ ရက်ပေါင်း 540 အထိ သင်သည် သင့်အလုပ်ရှင်အား သင်၏ EAD ကို (အစိုးရက သင်၏ EAD အသစ်လျှောက်ထားမှုကို လက်ခံရရှိကြောင်းပြသည့်) I-797C ပြေစာသတိပေးစာနှင့်အတူ ပြသ၍ ဆက်လက်အလုပ်လုပ်ကိုင်နိုင်သည်။ EAD အလိုအလျောက် သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက IER သို့ ဖုန်းခေါ်ဆိုပါ။

သင်သည် ပျောက်ဆုံး၊ ပျက်စီး၊ သို့မဟုတ် ခိုးယူခံရသည့် စာရွက်စာတမ်းများအတွက် ပြေစာများကိုလည်း ပြသနိုင်သည်။

Form I-9 ဖြည့်စွက်ရန် သင့်စာရွက်စာတမ်းကို ပြသပြီးပါက သင့်အလုပ်ရှင်သည် ကန့်သတ်ထားသော အခြေအနေများတွင်သာ စာရွက်စာတမ်းများကို နောက်တစ်ကြိမ် တောင်းခံပိုင်ခွင့်ရှိပါသည်။ အလုပ်ရှင်က စာရွက်စာတမ်းများကို ထပ်မံတောင်းခံရမည့် စည်းမျဉ်းများကို Handbook for Employers M-274 (အလုပ်ရှင်များအတွက် လက်စွဲစာအုပ် M-274) တွင် ဖော်ပြထားပါသည်။

သင်သည် Section 2 အတွက် သင်၏ EAD ကို ပြသခဲ့ပါက သင့်အလုပ်ရှင်သည် Form I-9 ၏ Section 3 ကို ဖြည့်စွက်ရန် EAD သက်တမ်းကုန်ဆုံးချိန်တွင် အခြားစာရွက်စာတမ်းကို ကြည့်ရန် တောင်းဆိုပါမည်။ ဤအဆင့်တွင် သင်သည် List A စာရွက်စာတမ်းတစ်ခုဖြစ်စေ၊ ကန့်သတ်များသော လူမှုဖူလုံရေးကတ်ကဲ့သို့ List C စာရွက်စာတမ်းတစ်ခုဖြစ်စေ ပြသရန် ရွေးချယ်နိုင်သည်။ သင်သည် EAD အသစ်ကို ပြရန် ရွေးချယ်နိုင်သော်လည်း မဖြစ်မနေပြသရန်မလိုအပ်ပါ။

သင်သည် Section 2 အတွက် သင်၏ အလုပ်လုပ်ရန်ခွင့်ပြုချက် အထောက်အထားအဖြစ် ကန့်သတ်မထားသော လူမှုဖူလုံရေးကတ်ကို ပြသခဲ့ပြီး Section 1 တွင် “အလုပ်လုပ်ခွင့်ရှိသည့် နိုင်ငံသား”ဘေးရှိ သက်တမ်းကုန်ဆုံးရက်အတွက် “N/A”ကို ထည့်သွင်းခဲ့ပါက သင့်အလုပ်ရှင်သည် သင့်ကို နောက်ထပ် စာရွက်စာတမ်းများ တောင်းခံခွင့်မရှိပါ။သင်၏ ခိုလှုံခွင့်တောင်းခံသူ သို့မဟုတ် ဒုက္ခသည် အခြေအနေကို အခြေခံ၍ သို့မဟုတ် သင်၏မူရင်းနိုင်ငံကို အခြေခံ၍ မလိုအပ်သည့်အချိန်၌ စာရွက်စာတမ်းများ တောင်းခံသည့် အလုပ်ရှင်များသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ သင့်အလုပ်ရှင်က နောက်ထပ် စာရွက်စာတမ်းများ တောင်းခံနိုင်သည့် အချိန်နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ရွှေ့ပြောင်းနေထိုင်သူနှင့် အလုပ်သမား အခွင့်အရေးကဏ္ဍ (Immigrant and Employee Rights Section, IER) ကို ဖုန်းခေါ်ဆိုပါ။

**သင်သည် သင်၏ လူမှုဖူလုံရေးနံပါတ်ကို စောင့်ဆိုင်းနေချိန်တွင် အလုပ်လုပ်နိုင်ပါသည်။**
သင်သည် အလုပ်တစ်ခုရသော်လည်း သင်၏ လူမှုဖူလုံရေးနံပါတ် (Social Security number, SSN) မရှိသေးပါက လူမှုဖူလုံရေး စီမံအုပ်ချုပ်ရေးအဖွဲ့ (Social Security Administration) က အလုပ်ရှင်များအား အလုပ်သမားများကို ၎င်းတို့၏ SSN ကို စောင့်ဆိုင်းနေချိန်အတွင်း အလုပ်လုပ်ခွင့်ပြုရန် ညွှန်ကြားထားပါသည်။

သင်၏အလုပ်ရှင်သည် သင်၏ SSN ကို စောင့်ဆိုင်းနေချိန်တွင်ပင် ပြီးမြောက်သောအလုပ်တိုင်းအတွက် အမြဲငွေပေးချေရပါမည်။

သင် အလုပ်စလုပ်ချိန်တွင် သင့်မှာ SSN မရရှိသေးပါက Form I-9 Section 1 ထဲက SSN အကွက်ကို အလွတ်ထားပါ။

သင့်အလုပ်ရှင်သည် E-Verify ကို အသုံးပြုပါက E-Verify က အလုပ်ရှင်များအား သင် SSN ရရှိသည့်ချိန်အထိ E-Verify လုပ်ငန်းစဉ် ဖန်တီးမှုကို ဆိုင်းငံ့ထား ရန် ညွှန်ကြားထားပါသည်။သင်သည် Form I-9 ဖြည့်ထားပြီးလျှင် ဤအချိန်အတွင်း အလုပ်လုပ်နိုင်သည်။ E-Verify စည်းမျဉ်းများသည် အထူးသဖြင့် ဤချွင်းချက်ကို ခွင့်ပြုပြီး အလုပ်ရှင်များအား လုပ်ငန်းစဉ်ဖန်တီးခြင်းအတွက် ညွှန်ကြားချက်များပေးထားပါသည်။ နောက်ထပ်အချက်အလက်များကို www.e-verify.gov ရရှိနိုင်ပါသည်။


**ရွှေ့ပြောင်းနေထိုင်သူနှင့် အလုပ်သမား အခွင့်အရေးကဏ္ဍ**

(Immigrant and Employee Rights Section, IER)

အလုပ်သမား သီးသန့်ဖုန်းလိုင်း **1-800-255-7688**

ဖုန်းများကို အမည်ဖော်ပြရန်မလိုဘဲ ခေါ်ဆိုနိုင်ပြီး ဘာသာစကား ဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။

www.justice.gov/ier | www.justice.gov/crt-espanol/ier

TTY 1-800-237-2515